**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

**(၁၆)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**

**(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၃၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၀.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် ၃၃၉ ဦး တက်ရောက်တဲ့အတွက်ကြောင့် ခွင့်ပန်ကြားသူစုစုပေါင်း ၈၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၄၇ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားကြပြီး ယနေ့ ခွင့်ပန်ကြားသူ ၃၆ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

(၂) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၁ ရက်၊

(၃) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၄) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၅) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၆) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၇) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၁ ရက်၊

(၈) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၁ ရက်၊

(၉) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၁၀) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၁၁) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၁၂) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၁ ရက်၊

(၁၃) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၁၄) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၁၅) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၁ ရက်၊

(၁၆) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၁၇) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊

(၁၈) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၁၉) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၁ ရက်၊

(၂၀) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၂၁) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၂၂) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၂၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးဒွေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၂၄) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်၊

(၂၅) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၂၆) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊

(၂၇) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၁ ရက်၊

(၂၈) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

**မူကြမ်း**

(၂၉) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၃၀) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၁ ရက်၊

(၃၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၃၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၃၃) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်၊

(၃၄) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၃၅) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၃၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၇ ဦး ယနေ့ ခွင့်ပြုထားသူ ၃၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၈၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသော မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

### မူကြမ်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ခိုင်းနွားဈေး နှစ်ဆမြင့်တက်လာ၍ တောင်သူများအခက်အခဲရှိနေသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သို့ကြိုတင်ဆောင်ရွက်ထားရှိမှုကို သိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကိုကြီး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ တောင်သူများအတွက် ခိုင်းနွားဈေးဟာ နှစ်ဆခန့်မြင့်တက်လာ၍ နွားတစ်ရှဉ်းကို ထွန်ခယက်ခ ၅၀၀၀ ကျပ်ခန့်အထိ တက်လာပါ၍ တောင်သူများအခက်အခဲရှိနေသည့်အတွက် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားဒေသမှာ ခိုင်းနွားစရိတ်ဟာ နှစ်ဆခန့်တက်သွားပါတယ်။ ပခုက္ကူနယ်မှာဆိုရင် ခိုင်းကောင်းစ နွားတစ်ကောင်ရဲ့ ဈေးဟာ ၁၈ သိန်းအထိ ဖြစ်နေပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်ကမှ ဒီဈေးဖြစ်နေတဲ့အတွက် ယခင်နှစ်များနဲ့ နှိုင်းယှဉ်လို့ရှိရင် နှစ်ဆလောက်တက်သွားတာကို တွေ့ရပါတယ်။ ဒီလိုတက်သွားရခြင်းအကြောင်းကတော့ တရားမဝင် နွားမှောင်ခိုသမားများဟာ မကွေး၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးတို့မှာ ဝယ်ယူမှုများပြားလာကာ၊ ဝယ်လိုအားကောင်းနေပါတယ်။ ရှမ်းပြည်နယ်ကိုဖြတ်ပြီးတော့ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချမှု အားကောင်းနေတယ်လို့ သိရပါတယ်။ အမဲသားဈေးမှာလည်း ယခင်က တစ်ပိဿာ ၃၀၀၀၊ ၄၀၀၀ ပါ။ ယခု ၈၀၀၀၊ ၁၀၀၀၀ ထိ ဈေးမြင့်လာပါတယ်။ နွားဈေးကောင်းတဲ့အတွက်ကြောင့် တောင်သူများ ငွေအခက်အခဲတွေ့တိုင်း နွားကိုထုတ်ရောင်းနေကြရပါတယ်။ ထို့ပြင် မိုးခေါင်မှုဟာ နှစ်စဉ်လိုဖြစ်နေ၍ နွားစာအခက်အခဲရှိနေခြင်း၊ ပဲဖတ်၊ နှမ်းဖတ်၊ ပန်းနှမ်းဖတ်၊ နေကြာဖတ်၊ ဝါစေ့ဖတ်စသည့် တိရစ္ဆာန်အစားအစာ နွားစာဈေးမျာဟာလည်းပဲ ဆီစက်များ ဆီကြိတ်မှုအများစုရပ်သွားတဲ့အတွက် ဈေးကြီးမြင့်ပြီး ဝယ်ယူဖို့အခက်အခဲရှိနေကြပါတယ်။ ဒါကြောင့် ကျေးလက်အိမ်တိုင်းလိုလို ခိုင်းနွားရှားပါးလာတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ တစ်မနက်ထွန်ခယက်ခ နွားတစ်ရှဉ်း ၅၀၀၀ အထိ မြင့်တက်နေတဲ့အတွက်ကြောင့် ဒီခိုင်းနွားပိုမိုရှားပါးလာမှုကြောင့် ထွန်ခယက်ခ ထပ်မံမြင့်

လာစရာ အကြောင်းရှိလာတယ်လို့လည်း သုံးသပ်နေကြပါတယ်။ ကျွန်တော်တို့ နောက်ဆုံး ထွန်ဖို့၊ ယက်ဖို့၊ ကျွန်တော်တို့ ငှားဖို့အခက်အခဲဖြစ်လာနိုင်တဲ့အခြေအနေထိရှိတယ်လို့ သုံးသပ်နေကြပါတယ်။ စက်မှုလယ်ယာသို့ ကူးပြောင်းနေသည်ဆိုသော်လည်း ၎င်းစက်မှုလယ်ယာရဲ့စရိတ်ကို တောင်သူများရဲ့ ၉၀ ရာခိုင်နှုန်းခန့် မတတ်နိုင်ကြဘူး ဖြစ်နေကြပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါအခက်အခဲများ လျော့ပါးကင်းရှင်းအောင် သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်ကဲ့သို့ ကြိုတင်ဆောင်ရွက်မှုများရှိသည်ကို လေးစားစွာဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနဲ့ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ရဲ့ ရှင်းလင်းချက်အပေါ်မှာ ကျွန်တော်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်မှာ ကျွဲနွားမှောင်ခိုပပျောက်ရေးကိစ္စ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ခိုင်းကျွဲ၊ ခိုင်းနွားများအား စစ်ဆေးချက်မပါရှိဘဲ နယ်မြေဖြတ်ကျော်သွားလာသယ်ဆောင်မှုများကို ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် ကျွဲနွားမွေးမြူသူပိုင်ရှင်များအား တိရစ္ဆာန်မှတ်ပုံတင်မှတ်တမ်း၊ တိရစ္ဆာန်မွေးမြူရေး ခြံမှတ်ပုံတင်မှတ်တမ်းများ မှတ်တမ်းတင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဘဏ်ချေးငွေစနစ်ဖြင့် ဒေသနွား/ကျွဲများကို မွေးမြူနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်ခိုင်းကျွဲ၊ ခိုင်းနွားမျိုးများပြန့်ပွားရေးအတွက် ကျေးလက်လူငယ်များအား မေထုန်မဲ့သားစပ်နည်းသင်တန်းများ ဖွင့်လှစ်

သင်ကြားပေးခြင်း၊ မျိုးရေခဲချောင်းများ အခမဲ့ဖြန့်ဖြူးပေးခြင်း၊ မျိုးနွားဖြန့်ဖြူးပေးခြင်းတို့အား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နွားစာဈေးကြီးမြင့်ရခြင်းသည် အကြောင်းအရင်း တစ်ရပ်အနေဖြင့် ပါဝင်နေသဖြင့် နွားစာမြက်များစိုက်ပျိုးစေခြင်း၊ နွားစာမြက်များပြုလုပ်နည်း၊ သိုလှောင်နည်းများကို ကျေးရွာအရောက် သင်ကြားပို့ချပေးလျက်ရှိပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ် စတဲ့ အစိုးရအဖွဲ့များကလည်း တရားမဝင်နွားမှောင်ခိုဖမ်းဆီးမှုများကို အရှိန်အဟုန်မြှင့်၍ ဖမ်းဆီး အရေးယူခြင်း၊ နယ်ကျော်နွားသယ်ဆောင်မှုများကို စနစ်တကျ စိစစ်ခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာလုပ်ငန်းခွင်မှာ ခိုင်းကျွဲ ခိုင်းနွားများလျော့နည်းလျက်ရှိခြင်း၊ လယ်ယာလုပ်သားရှားပါးလျက်ရှိခြင်းတို့ကို ဖြေလျှော့ပေးနိုင်ဖို့အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ လယ်ယာလုပ်ငန်းခွင်တွင် စက်ကိရိယာအသုံးပြု၍ ထွန်ယက်ခြင်း၊ မြေယာပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းတို့ကို သက်သာတဲ့နှုန်းထားများဖြင့် ဝန်ဆောင်မှုပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိပါတယ်။ စက်မှုဝန်ကြီးဌာနမှလည်းပဲ လယ်ယာသုံးစက်ကိရိယာများကို လက်ငင်းငွေချေစနစ်၊ အရစ်ကျစနစ်တို့ဖြင့် ရောင်းချပေးခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် အစိုးရသစ်ကာလ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် မတ်လကုန်အထိ ထွန်စက်ကြီး ၂၆၀ စီး၊ လက်တွန်းထွန်စက် ၁၅၆၁၈ စီး ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်ပါတယ်။ တောင်သူလယ်သမားများလက်ဝယ်မှာ ၂၀၁၄ ခုနှစ် ဧပြီလကုန်အထိ ထွန်စက်ကြီး ၁၂၀၇၀ စီး၊ ထွန်စက်ငယ် ၁၅၄၇ စီး၊ လက်တွန်းထွန်စက် ၂၅၈၉၃၀ စီး၊ စပါးခြွေစက် ၅၅၄၉၈ နဲ့ ရိတ်သိမ်းခြွေလှေ့စက် ၆၆၃ စီး တိုးတက်သုံးစွဲလာနိုင်ပြီဖြစ်ပါတယ်။ ထို့ပြင် လယ်ယာကဏ္ဍမှာ စနစ်တကျစက်မှုလယ်ယာစနစ်ထူထောင်ရေး၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ဖြည့်တင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်ပအကူအညီအထောက်အပံ့များနှင့် သင့်တင့်သောချေးငွေများ ရယူဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ သမဝါယမဝန်ကြီးဌာနအနေနဲ့လည်း ကျေးလက်နေ တောင်သူလယ်သမားများအား လယ်ယာလုပ်ငန်းမှာ အရင်းအနှီးများထုတ်ချေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးရောင်းချနေသော ပုဂ္ဂလိကကုမ္ပဏီများမှ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးတို့အတွက် အသေးစားအရင်းအနှီးချေးငွေများကို သမဝါယမဝန်ကြီးဌာနမှ ထုတ်ပေးလျက်ရှိပါတယ်။ အထက်တင်ပြပါ နည်းလမ်းများဖြင့် ခိုင်းကျွဲ ခိုင်းနွား ရှားပါးခြင်း၊

လယ်ယာလုပ်သားရှားပါးခြင်းတို့ကို ဖြေလျှော့ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဘဏ်ချေးငွေများထုတ်ယူရာ၌ အမှန်တကယ်လယ်လုပ်သူတောင်သူများမဟုတ်ဘဲ လယ်မလုပ်သူ၊ လယ်မရှိသူများအမည်ဖြင့် ငွေထုတ်ယူထားသူများအား မည်ကဲ့သို့ အရေးယူပေးမည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါ်ခင်သန်းမြင့်၊ ငပုတောမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များရှင့်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီကနေ့ မေးတဲ့မေးခွန်းကတော့ သယ်န်းကုန်းကျေးရွာ ဒေသခံတောင်သူ၊ ဒေသခံပြည်သူတို့ရဲ့ စိုးရိမ်သောကဖြစ်နေတဲ့အချက်သုံးချက်ပေါ်မှာ မူတည်ပြီးတော့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ဒေသခံပြည်သူတွေရဲ့ စိုးရိမ်စိတ်သုံးခုမှာ တစ်ခုကတော့ ဘဏ်ချေးငွေထုတ်ပေးတဲ့အခါမှာ ကျေးရွာအုပ်စုတစ်ခုမှာ တစ်ခုလုံးကျေပွန်ပါမှ ဒီဘဏ်ချေးငွေကို ထုတ်ပေးမယ်ဆိုတဲ့အချက်ကတော့ ကျွန်မတို့ အခု ပထမဆုံးကျေတဲ့လူတွေကို ပထမအသုတ်အနေနဲ့ ထုတ်ပေးတာဖြစ်တဲ့အတွက်ကြောင့် သူတို့ရဲ့စိုးရိမ်သောကတစ်ခုကတော့ ကျေလည်သွားပြီဖြစ်ပါတယ်။ နောက်နှစ်ခုကတော့ သယ်န်းကုန်းကျေးရွာ ဒေသခံပြည်သူတွေက လယ်မရှိဘဲနဲ့ လယ်မလုပ်သူရဲ့အမည်နဲ့ငွေထုတ်ယူခြင်း အဲ့ဒီကိစ္စတွေကို တာဝန်ရှိသူအဆင့်ဆင့်ကို တင်ပြပေမယ့်လို့ လက်မှတ်ထိုးတင်ထားရတဲ့အတွက် ဘာမှဖြစ်မလာတဲ့အခါမှာ ပြည်သူတွေရဲ့ရင်ထဲမှာစိုးရိမ်စိတ်ဖြစ်ပေါ်နေရပါတယ်။ နောက်တစ်ချက်ကတော့ ဘဏ်ချေးငွေတွေမကျေလို့ အုပ်ချုပ်ရေးမှူးရုံးရဲ့ရှေ့မှာ ကြော်ငြာကပ်တဲ့အထဲမှာလည်း အမည်စာရင်းကပ်တဲ့အခါမှာ လယ်မလုပ်တဲ့သူတွေ၊ သေဆုံးသွားတဲ့သူတွေ၊ လယ်မလုပ်တဲ့အပြင် ကျေးရွာမှာမရှိတော့ဘဲနဲ့ အခြားနေရာရောက်နေတဲ့သူတွေရဲ့ အမည်တွေပါ ပါလာတဲ့အတွက် လယ်မလုပ်ဘဲနဲ့ ၎င်းတို့ရဲ့အမည်တွေပါနေတဲ့ အသက် ၇၀ ကျော်ရှိတဲ့ တောင်သူကြီးတစ်ဦးရဲ့ တင်ပြချက်အပေါ်မှာ ဒေသခံပြည်သူတွေက သူတို့ရဲ့သောကကို မေးလာတဲ့အတွက်ကြောင့် သယ်န်းကုန်းကျေးရွာမှာရှိတဲ့ ဒေသခံပြည်သူတောင်သူများရဲ့ မေးလာတဲ့

မေးခွန်းကတော့ (၁) ဘဏ်ချေးငွေများထုတ်ပေးရာမှာ ကာယကံရှင်များမသိဘဲနဲ့ ၎င်းတို့၏အမည်များဖြင့် ငွေထုတ်ယူ၍ရနိုင်ပါသလား။ (၂) လယ်မရှိသူများအား ဘဏ်ချေးငွေများထုတ်ပေး၍ ရရှိပါသလား။ (၃) အသက်အရွယ်ကြီးရင့်၍ လယ်မလုပ်သူတောင်သူကြီးများ၏အမည်ဖြင့် ငွေထုတ်ယူထားသော စိုးရိမ်သောကဖြစ်နေတဲ့တောင်သူကြီးများအား မည်ကဲ့သို့ကူညီပေးပါမလဲ။ (၄) နိုင်ငံတော်၏ဘဏ်ငွေကို အမှန်တကယ် လယ်လုပ်သူတောင်သူများမဟုတ်ဘဲ လယ်မလုပ်သူ၊ လယ်မရှိသူများအမည်ဖြင့် ထုတ်ယူထားသူများအား မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဘဏ်ချေးငွေထုတ်ချေးရာမှာ ချေးငွေမူစနစ်အရ မြို့နယ်ဘဏ်ခွဲသို့ ငွေချေးသူကိုယ်တိုင် လာရောက်ချေးယူရမည်၊ ပေးဆပ်ရမည်ဟု သတ်မှတ်ညွှန်ကြားထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငွေချေးရယူရန် တင်ပြထားသော တောင်သူလယ်သမားများအနေနဲ့ ၎င်း၏ကျေးရွာအုပ်စုကို ငွေချေးရန် ဘဏ်ရုံးသို့ ခေါ်ယူသည့်နေတွင် ၎င်းကိုယ်တိုင်လိုက်ပါ၍ ကာယကံရှင်မသိဘဲ ထုတ်ယူခြင်းမပြုရန် ကိုယ်တိုင်ကိုယ်ကျလက်မှတ်ရေးထိုးပြီး ၁၀ ဦးအစုအဖွဲ့အလိုက် ငွေချေးစာချုပ်မှာ တစ်ဦးချင်းကိုယ်တိုင်လက်မှတ်ရေးထိုးထုတ်ယူ ရခြင်းဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ငွေချေးစည်းကမ်းသတ်မှတ်ချက်အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိပြီးသူ သို့မဟုတ် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ကြောင်း သက်ဆိုင်ရာဌာန၏ ထောက်ခံချက်တင်ပြနိုင်သူကိုသာ ငွေထုတ်ချေးခြင်းဖြစ်ပါသည်။ ငွေထုတ်ချေးရာမှာ လယ်ယာမြေမှတ်ပုံတင်လက်မှတ်ပုံစံ(၇) ရရှိပြီးသူများအား ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ ကျေးရွာတာဝန်ခံဝန်ထမ်းများ၊ တောင်သူလယ်သမားများကိုယ်စားလှယ်များတို့က ပါဝင်သော ရပ်ကွက်/ကျေးရွာအုပ်စု ချေးငွေစိစစ်ရေးအဖွဲ့ရဲ့ လယ်မြေပိုင်ဆိုင်ကြောင်းနှင့် အမှန်တကယ်စိုက်ပျိုးသည်မှန်ကန်ကြောင်း ထောက်ခံချက်ဖြင့် ဘဏ်ကငွေချေး

ခြင်းဖြစ်ပါသည်။ မိမိက ငွေချေးမယူဘဲ မိမိအမည်ဖြင့် တစ်စုံတစ်ဦးက ချေးငွေလိမ်လည်ထုတ်ယူပါက သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲသို့ တင်ပြတိုင်ကြားနိုင်ပါသည်။ ချေးငွေထုတ်ချေးရာတွင် အနည်းဆုံး ၈ ဦးကနေ ၁၀ အထိကို ဝိုင်းကြီးချုပ်စနစ်ဖြင့် အမှန်စိုက်ပျိုးသူများဖြင့်ဖွဲ့စည်းပြီး တာဝန်ခံချက်ဖြင့်ချေးငွေထုတ်ချေးခြင်းဖြစ်ပါသဖြင့် လယ်မလုပ်သူ၊ လယ်မရှိသူကို ငွေထုတ်ချေးခြင်း ခွင့်မပြုပါကြောင်းနှင့် စစ်ဆေးတွေ့ရှိပါက တာဝန်ရှိထောက်ခံသူ၊ ချေးငွေချေးသူကိုပါ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မြို့နယ်စာရင်းစစ်အရာရှိအဆင့်ကို လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးနိုင်ရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်ကိုယ်စား ဦးသန်းမြင့် ဝမ်းတွင်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုးရဲ့ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းဖွဲ့စည်းပုံများကို လေ့လာကြည့်တဲ့အခါမှာ မြို့နယ်အကြီးအကဲများကို လက်ထောက်ညွှန်ကြားရေးမှူးအဆင့် သတ်မှတ်ထားသည်ကို တွေ့ရှိရပါတယ်။ သို့သော်လည်း မြို့နယ်အဆင့် စာရင်းစစ်ရုံးမှာ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သတ်မှတ်ပေးထားခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။ မြို့နယ်စာရင်းစစ်ရုံး အကြီးအကဲဖြစ်တဲ့ မြို့နယ်စာရင်းစစ်အရာရှိက အခြားဌာနဆိုင်ရာများနှင့် ပတ်သက်တဲ့စာရင်းအင်းများကို တာဝန်အရ စစ်ဆေးတဲ့အခါမှာ မိမိထက်ရာထူးတာဝန်မြင့်သူကို စစ်ဆေးနေရသကဲ့သို့ ဖြစ်နေပါတယ်။ မြို့နယ်စာရင်းစစ်အကြီးအကဲဖြစ်တဲ့ မြို့နယ်စာရင်းစစ်အရာရှိကို အခြားဌာနဆိုင်ရာများကဲ့သို့ လက်ထောက်ညွှန်ကြားရေးမှူးတာဝန် တိုးမြှင့်သတ်မှတ်ပေးနိုင်ခဲ့လို့ရှိရင် မြို့နယ်အဆင့် အခြားသောဌာနဆိုင်ရာအကြီးအကဲများနှင့် ရာထူးအဆင့်တူညီမှာဖြစ်တဲ့အတွက် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာမှာ ပိုမိုအဆင်ပြေနိုင်ရန်ဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ မြို့နယ်စာရင်းစစ်ရုံးများမှာ မြို့နယ်စာရင်းစစ်အရာရှိအား လက်ထောက်ညွှန်ကြားရေးမှူးအဆင့် တိုးမြှင့်သတ်မှတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မူကြမ်း**

[သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ကိုယ်စား ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။]

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ သာစည်မြို့နယ်ရဲ့ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့မေးခွန်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့အဖြေကို ဒုတိယစာရင်းစစ်ချုပ်က ဖြေကြားမှာဖြစ်ပါတယ်။ စာရင်းစစ်ရုံးအဆင့်ဆင့်ရဲ့ ဖွဲ့စည်းပုံအရ မြို့နယ်စာရင်းရုံး စုစုပေါင်း ၃၂၁ ရုံးဖွင့်လှစ်ထားပါတယ်။ မကြာမီမှာ အခြေအနေပြည့်စုံလာတဲ့အခါမှာ နောက်ထပ် ကိုးရုံးတိုးချဲ့ဖွင့်လှစ်ဖို့ ရှိပါတယ်။ အဲ့ဒီအခါမှာဆိုရင် မြို့နယ်စာရင်းရုံးပေါင်း ၃၃၀ ဖြစ်မှာဖြစ်ပါတယ်။ ခရိုင်အဆင့်စာရင်းစစ်ရုံးကတော့ ၆၉ ရုံးရှိပါတယ်။ လက်ရှိဘဏ္ဍာရေးနှစ်မှာ မြို့နယ်စာရင်းစစ်ရုံး ၃၂၁ ရုံးနဲ့ ခရိုင်ရုံး ၆၉ ရုံးအတွက် မြို့နယ်ရုံးအကြီးအကဲများကို ဦးစီးအရာရှိအဆင့်၊ ခရိုင်ရုံးအကြီးအကဲများကို လက်ထောက်ညွှန်ကြားရေးမှူးအဆင့်နဲ့ လစာတွက်ချက်ပြီးတော့ ကျွန်တော်တို့ ဘတ်ဂျက်ရရှိထားတာ ဖြစ်ပါတယ်။

ခုနက ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းမှာပါတဲ့အတိုင်းပဲ မှန်ပါတယ်။ မြို့နယ်တွေမှာ တချို့ဌာနလေးခုဟာ A.D အဆင့် ဖြစ်ပါတယ်။ လက်ထောက်ညွှန်ကြားရေးမှူးအဆင့် ဖြစ်ပါတယ်။ မြို့နယ်စာရင်းစစ်ရုံးဦးစီးကတော့ ဦးစီးအရာရှိအဆင့်ဖြစ်ပါတယ်။ ကျွန်တော်တို့ လေ့ကျင့်ရေးနဲ့ သုတေသနဌာနက တာဝန်ထမ်းဆောင်ရတဲ့လုပ်ငန်းပမာဏ စီမံခန့်ခွဲရတဲ့အတိုင်းအတာကို ကြည့်ပြီး ကျွန်တော်တို့ မြို့နယ်စာရင်းစစ်အရာရှိများရဲ့ အဆင့်ကို နှစ်ပိုင်းခွဲခြားဖို့လည်း ကျွန်တော်တို့ စီစဉ်နေတာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းချက်အရ ကျွန်တော်တို့ မြို့နယ်စာရင်းစစ်အရာရှိများကို လက်ထောက်ညွှန်ကြားရေးမှူးအဆင့်တိုးမြှင့်ပေးမယ်ဆိုလို့ရှိရင် သူနဲ့ဆက်စပ်ပြီးတော့ ခရိုင်အဆင့်အုပ်ချုပ်ရတဲ့ ခရိုင်စာရင်းရုံးအကြီးအကဲများကို ဒုတိယညွှန်ကြားရေးမှူးအဆင့် တိုးမြှင့်သတ်မှတ်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီလိုသာ တိုးမြှင့်သတ်မှတ်မယ်ဆိုရင် ကျွန်တော်တို့ လစာဟာ ၁၁၂ သန်း လက်ရှိထက်ပိုမို ကုန်ကျမှာဖြစ်ပါတယ်။ ဒီကိစ္စဟာ စဉ်းစားသင့်တဲ့ကိစ္စလည်းဖြစ်ပါတယ်။

**မူကြမ်း**

ဒါ့ကြောင့်မို့လို့ ဖွဲ့စည်းပုံပြင်ဆင်ရေးနဲ့ လစာများတိုးမြှင့်တောင်းခံရေးကိစ္စကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွန်တော်တို့ ဆက်လက်တင်ပြဖို့ အစီအစဉ်ရှိပါတယ်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနများကို ကျွန်တော်တို့ ဆီလျော်မှုအရှိဆုံး အနေအထားနဲ့ ချင့်ချိန်တွက်ချက်ပြီးတော့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကျောက်ဖြူမြို့နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားပေးရာတွင် ဗို့အားမပြည့်ခြင်း၊ နေ့စဉ် ဓာတ်အားဖြတ်တောက်မှုများရှိနေ၍ စိစစ်ပေးနိုင်ရန်နှင့် ဒေသခံများ နေ့စဉ်(၂၄)နာရီ ဓာတ်အားအသုံးပြုနိုင်ရေး မည်သို့ဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဘရှိန်၊ ကျောက်ဖြူမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျောက်ဖြူမြို့မှာ လျှပ်စစ်ဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အား ၂၄ နာရီ မီးပေးနေပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒေသခံပြည်သူတွေရဲ့ ခံစားရချက်တွေကို မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နှင့် အနီးဝန်းကျင်ကျေးရွာအချို့ဟာ လျှပ်စစ်ဝန်ကြီးဌာနရဲ့ စီစဉ်ပေးမှုကြောင့် ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိနေကြတဲ့အတွက်ကြောင့် ဒေသခံပြည်သူတွေ အလွန်ဝမ်းသာကြပါတယ်။ လျှပ်စစ်မီး ၂၄ နာရီရရှိတယ်ဆိုပေမယ့်လည်း နေ့စဉ်မီးမရတဲ့အချိန်က နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ် ကြုံတွေ့ရပါတယ်။

ဒါ့အပြင် အချို့စက်မှုလုပ်ငန်းတွေကို လျှပ်စစ်မီးမသုံးရတဲ့အချိန်တွေ၊ ကန့်သတ်ပေးထားတဲ့စာတွေထုတ်တာလည်း တွေ့ရပါတယ်။ နောက်ပိုင်းမှာတော့ ဒီလိုစာထုတ်တာ မတွေ့ရတော့ပါဘူး။ ကျောက်ဖြူမြို့မှာ မူလက မဂ္ဂါဝပ် ၁.၁ ထုတ်နိုင်တဲ့ Generator သုံးလုံးတပ်ဆင်ပြီးတော့ စက်နှစ်လုံးလည်ပတ်လို့ ဓာတ်အားဖြန့်ဖြူးပါတယ်။ ဓာတ်အားမလုံလောက်မှုကြောင့် နောက်ထပ် Generator တစ်လုံး ထပ်မံဖြည့်ပြီးတော့ စက်သုံးလုံးနဲ့လည်ပတ်ပြီး ဓာတ်အားပေးတယ်လို့ သိရပါတယ်။ ဒေသခံပြည်သူတွေကတော့ ၂၄ နာရီအပြည့် တန်ဖိုးနှုန်းထားသက်သာ စွာနဲ့ လျှပ်စစ်မီးရရှိရတဲ့အတွက်ကြောင့် အထူးဝမ်းမြောက်ဝမ်းသာရှိကြပါတယ်။

သို့သော် နေ့စဉ်အခက်အခဲများ ကြုံတွေ့နေရတာကတော့ (က) နေ့စဉ် သုံးကြိမ်၊ လေးကြိမ် မီးပျက်နေတဲ့အတွက် ယခင်သုံးလက်စရှိသည့် ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားများကိုပင် ဈေးနှုန်းမြင့်မား စွာဖြင့် အားကိုး၍ သုံးစွဲနေရခြင်း၊ (ခ) မီးအားမနိုင်၍ အဲယားကွန်းကဲ့သို့ အသုံးအဆောင်များနှင့် အခြားသောဓာတ်အား အများသုံးရသည့် စက်ကိရိယာများမှာ မကြာခဏရပ်သွားခြင်းတို့ ကြုံတွေ့နေ ရခြင်း၊ ဒေသခံပြည်သူတွေရဲ့ပြောပြချက်အရ လျှပ်စစ်ဓာတ်ကြိုးများ သွယ်တန်းရာမှာ မိုးကြိုးလွှဲ မြေစိုက်ကြိုးနည်းတယ်။ မိုးကြိုးအန္တရာယ်ရှိတယ်။ ထရန်စဖော်မာနဲ့ မီးကြိုးတွေရဲ့ အရည်အသွေး ညံ့ဖျင်းတယ်ဆိုပြီး၊ သုံးစွဲသူတွေများပြီးတော့ မီးအားကမနိုင်၊ တချို့ကျောက်ဖြူမြို့ပေါ်ရပ်ကွက်တွေမှာ ဆိုလို့ရှိရင် ဗို့အား ၁၅၀ ထိသာရရှိကြတယ်ဆိုပြီးတော့ ပြောဆိုနေကြတဲ့အတွက်ကြောင့် အောက်ပါ မေးခွန်းများကို မေးမြန်းလိုပါတယ်။ (၁) ကျောက်ဖြူမြို့နဲ့ အနီးတစ်ဝိုက်ကျေးရွာများကို လျှပ်စစ် စွမ်းအားဝန်ကြီးဌာနက သဘာဝဓာတ်ငွေ့သုံး Generator များ အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရာတွင် (က) လျှပ်စစ်ဓာတ် မီးကြိုးများနှင့် ထရန်စဖော်မာများသည် အရည်အသွေး ညံ့ဖျင်းခြင်း၊ (ခ) မိုးကြိုးလွှဲမြေစိုက်ကြိုးများ တပ်ဆင်မှုနည်းခြင်းကြောင့် မိုးကြိုးအန္တရာယ်ရှိနိုင်ခြင်း၊ (ဂ) သုံးစွဲသူနှင့် ဓာတ်အားမမျှမတခြင်းကြောင့် အချို့သောရပ်ကွက်များတွင် ဗို့အား ၁၅၀ ခန့်သာရရှိ ခြင်း၊ (ဃ) နေ့စဉ် သုံးကြိမ်၊ လေးကြိမ်မျှ ဓာတ်အားပြတ်တောက်နေခြင်း စသည့်ဖြစ်ရပ်များကို စိစစ်ပေးနိုင်ပါမည်လား၊ (၂) နေ့စဉ် ၂၄ နာရီ ဓာတ်အားပြတ်တောက်မှုမရှိဘဲ ဒေသခံများအန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ရန် ဘယ်လိုဆောင်ရွက်ပေးပါမလဲဆိုတဲ့ မေးခွန်းတွေကို မေးမြန်းအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်း နှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအောင်သန်းဦးမှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ရဲ့ မေးခွန်းကို ရှင်းလင်းတင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျောက်ဖြူမြို့နှင့် အနီးတဝိုက်ကျေးရွာများမှာ ဓာတ်အားရရှိဖို့အတွက် ယခုအခါမှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက 1.1 MW ရှိတဲ့ Gas Engine လေးလုံး စုစုပေါင်း ၄.၄ မဂ္ဂါဝပ်ရှိတဲ့ စက်တွေကိုငှားရမ်းပြီးတော့ ဓာတ်အားဖြန့်ဖြူးပေးနေပါတယ်။ ၁၅-၉-၂၀၁၃ မှစပြီးတော့ ဌာနရဲ့ဈေးနှုန်းအတိုင်း ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီးတော့မှ ကျောက်ဖြူမြို့နေပြည်သူများ ကောင်းမွန်စွာ ဓာတ်အားအသုံးပြုနိုင်ဖို့အတွက် ယခင်ဒီဇယ်စက်နဲ့ ဓာတ်အားပေးခဲ့တဲ့ ဟောင်းနွမ်းနေတဲ့ ဓာတ်အားလိုင်းကြိုးတွေ၊ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ သံတိုင်၊ သစ်သားတိုင်များအားလုံးကို အစားထိုးလဲလှယ်ခဲ့ပါတယ်။ ယခင်ဒီဇယ်စက်နဲ့ ဓာတ်အားပေးစဉ်က မီးမရရှိခဲ့တဲ့ ကျေးရွာ ၂၅ ရွာကို ကွန်ကရစ်တိုင်၊ သံလက်တန်း၊ ကြေးကြိုးများ အသုံးပြုပြီးတော့ ဓာတ်အားလိုင်းသစ်များ တည်ဆောက်ပြီးတော့ ဆောင်ရွက်ဓာတ်အားပေးခဲ့ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းအမှတ်စဉ်(က)မှာ အရည်အသွေးညံ့ဖျင်းတဲ့ ပစ္စည်းများ တပ်ဆင်ထားမှုရှိ/မရှိနှင့် ပတ်သက်လို့ ဌာနမှာသတ်မှတ်ထားတဲ့ စံချိန်စံနှုန်းပြည့်မီတဲ့ ကြေးကြိုးနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြုပြီးတော့လည်းကောင်း၊ မြန်မာနိုင်ငံမှာထုတ်လုပ်တဲ့ တစ်နိုင်ငံလုံးမှာလည်း သုံးစွဲနေတဲ့ ထရန်စဖော်မာများကို အသုံးပြု၍လည်းကောင်း၊ အခြားသောတိုင်းဒေသကြီး/ပြည်နယ်များနည်းတူ ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ တပ်ဆင်ဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယအနေနဲ့ အမှတ်စဉ်(ခ)ပါ မိုးကြိုးလွှဲနှင့် မြေစိုက်ကြိုးများ တပ်ဆင်မှုမရှိကြောင်းနှင့် ပတ်သက်၍ တန်ဖိုးကြီးမားတဲ့ လျှပ်စစ်ပစ္စည်းများကို ပျက်စီးဆုံးရှုံးမှုမရှိစေရန် ကျောက်ဖြူဓာတ်အားခွဲရုံရဲ့အထွက် ၁၁ ကေဗွီလိုင်းပေါ်မှာ မိုးကြိုးလွှဲများ တပ်ဆင်ခြင်း၊ ရပ်ကွက်များမှာရှိတဲ့ ထရန်စဖော်မာတွေရဲ့ထိပ်မှာ မိုးကြိုးလွှဲများ တပ်ဆင်ခြင်းနဲ့ ၄၀၀ ဗို့လိုင်းများမှာလည်း မြေစိုက်ကြိုးများပါတဲ့ Earth Ring, Earth Bar များ တပ်ဆင်ခြင်း၊ Earth Point များရိုက်ပြီးတော့မှ မြေစိုက်ကြိုးများကိုလည်း ဆောင်ရွက်ထားပါကြောင်း ဖြေကြားအပ်ပါတယ်။

အမှတ်စဉ်(ဂ)မှာ ဖော်ပြချက်ဖြစ်တဲ့ နေ့စဉ် သုံးကြိမ်ခန့်ဓာတ်အားပြတ်တောက်ရခြင်းမှာတော့ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းရဲ့ အချောသတ်လုပ်ငန်းများဖြစ်တဲ့ မြေစိုက်ကြိုးတပ်ဆင်ခြင်း၊ တိုင်ဆိုင်းကြိုးမြေများတပ်ဆင်ခြင်းနဲ့ Earth Ring, Earth Bar တပ်ဆင်ဖို့အတွက် ဆောင်ရွက်ရာမှာ ဓာတ်အားပိတ်ရန်လိုအပ်ခြင်း၊ မိုးရာသီကာလရောက်ရှိလာ၍ သစ်ပင်သစ်ကိုင်းခုတ်ထွင်

ရှင်းလင်းဖို့အတွက် ဓာတ်အားပိတ်ရန်ဆောင်ရွက်ဖို့ လိုအပ်တဲ့အတွက် ဖြစ်ပါတယ်။ ဓာတ်အားလိုင်း အပြစ်ဖြစ်ခြင်းကြောင့် ဓာတ်အားပြတ်တောက်ရတဲ့အချိန် အလွန်နည်းပါးပါကြောင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ ဓာတ်အားပိတ်တဲ့လုပ်ငန်း၊ လိုင်းလုပ်ငန်း၊ သစ်ပင်အကိုင်းခုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ အသိပေးကြေညာပြီး ဆောင်ရွက်လျက်ရှိပါတယ်။ နောင်မှာ ယခုထက်ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့အတွက် အသံချဲ့စက်များဖြင့်ပါ ကြေညာပြီး ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်သွားရန် ညွှန်ကြားပြီးဖြစ်ပါ တယ်။

ဓာတ်အားလိုင်းများတည်ဆောက်ရန်နှင့် သစ်ပင်အကိုင်းခုတ်ခြင်း ပြုပြင်ပြီးစီးပါက နောင်မှာ ဓာတ်အားပိတ်ခြင်းကြောင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းသွားမှာ ဖြစ်ပါတယ်။ ကျောက်ဖြူမြို့ရဲ့ ဇေယျဝတီရပ်ကွက် ဓာတ်အားလိုင်းအစွန်အဖျားမှာရှိတဲ့ (၄)လမ်းနဲ့ အစိုးရရပ်ကွက်မှာရှိတဲ့ ဓာတ်အား လိုင်းအစွန်အဖျားတို့မှာရှိတဲ့ (၁)လမ်းတို့မှာ ဝန်အားအများဆုံးအသုံးပြုချိန်မှာ ဗို့အား ၁၆၀ မှ ၁၈၀ ခန့်ရှိပြီးတော့မှ အနည်းငယ်ဗို့အားကျဆင်းနေပါတယ်။ ဒါ့ကြောင့်မို့လို့ စေတီယျရပ်ကွက်နဲ့ အစိုးရ ရပ်ကွက်(၅)လမ်းမှာရှိတဲ့ ဓာတ်အားသုံးစွဲသူတွေအတွက် ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ဖို့ ထရန်စဖော်မာ သုံးလုံးနှင့် ၁၁ ကေဗွီလိုင်း ပေ ၅၀၀၀ ခန့်ကို ထပ်မံတပ်ဆင်ဖို့ စီစဉ်ထားပြီးတော့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံဖို့ ညှိနှိုင်းဆောင်ရွက် သွားပြီး ဘဏ္ဍာငွေရရှိပါက ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ထပ်ဆင့်မေးခွန်းမေးမှာလားမေးပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြေကြားတဲ့ထဲမှာ လျှပ်စစ်လိုင်းတွေကို ပြုလုပ်မယ်ဆိုလို့ရှိရင် သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေဆီကို အကြောင်းကြားပြီးတော့ ဆောင်ရွက်တယ်လို့ဆိုပေမယ့်လည်း တကယ့် လက်တွေ့မှာ အဲ့လိုဆောင်ရွက်တာမရှိတဲ့အတွက်ကြောင့် ဒေသခံပြည်သူတွေစိတ်အနှောင့်အယှက် ရကြရပါတယ်။ အဲ့ဒီတော့ နောင်ကိုလျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အခုလွှတ်တော်မှာဖြေသလိုပဲ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကို အကြောင်းကြားပြီးတော့ ဆောင်ရွက်ရင်ဆောင်ရွက်ပေး မှာလားဆိုတာကို ကျွန်တော်မေးပါရစေ။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဖြေကြားချက်အတိုင်း နောင်မှာအဲ့လိုမျိုး ခုတ်အား ပိတ်မယ်ဆိုရင် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကို စာနဲ့လည်းကောင်း၊ ဖုန်းနဲ့လည်းကောင်း ကြိုတင်အကြောင်းကြားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**မြောက်ဦးမြို့နယ်တွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးအောင်ထွန်းသာ၊ မြောက်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည် တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာန နဲ့သက်ဆိုင်တဲ့ မေးခွန်းများမေးမြန်းသွားမှာဖြစ်ပါတယ်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့် ပြသနေသော အစီအစဉ်များကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ တစ်ဆင့် ညနေ ၆ နာရီမှစတင်ကာ အစီအစဉ်ပြီးဆုံးသည်အထိ ထုတ်လွှင့်ပေးပြီး စစ်တွေခရိုင်၊ မြောက်ဦးခရိုင်တို့မှ ဖမ်းယူကြည့်ရှုကြရပါသည်။ မြောက်ဦးမြို့သည် တောင်ပတ်လည်ဝိုင်းရံထားသော နေရာတွင် တည်ရှိနေသောကြောင့် စစ်တွေရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ထုတ်လွှင့်ပြသသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်များကို ဖမ်းယူကြည့်ရှုကြရာတွင် ကြည်လင်ပြတ်သားမှုမရှိဘဲ အချို့ TV များတွင် အစက်အပြောက်များ၊ သာကူစေ့များ အဆက်မပြတ်ဖြစ်ပေါ်နေလျက်ရှိပါတယ်။ ငွေကြေးတတ်နိုင်သူများက စလောင်းများ တပ်ဆင်အသုံးပြုခြင်း၊ Sky Net ရုပ်သံလိုင်းစက်များ ဝယ်ယူတပ်ဆင်အသုံးပြုခြင်းများရှိကြသော်လည်း အများစုမှာ ခေတ်ပေါ်ပစ္စည်းများကို ဝယ်ယူအသုံး မပြုနိုင်ဘဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမှုများကိုသာ အားကိုးတကြီး ကြည့်ရှု နေကြရပါတယ်။ ယခုအခါ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ယခင်ကထက်အစီအစဉ်အသစ်များ၊

ရုပ်သံဇာတ်လမ်းအခန်းဆက်များ ထုတ်လွှင့်ပြသမှုများရှိနေပါသဖြင့် ကြည့်ရှုရသူများ အထူးစိတ်ဝင်စားမှု ပိုမိုများပြားလာကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ မြောက်ဦးခရိုင်အတွင်း ကြည်လင်ပြတ်သားမှုရှိသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်များကို ကြည့်ရှုခံစားနိုင်စေရန် မြောက်ဦးမြို့နယ်ရှိ ထပ်ဆင့်လွှင့်စက်ရုံတစ်ရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသောကြောင့် ဖြေကြားပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးရဲထွဋ်(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာရဲ့ မေးခွန်းကို ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်ဦးရဲထွဋ်က ပြန်လည်ဖြေကြားတင်ပြပါ့မယ်။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်မြင်သံကြားအနေနဲ့ လက်ရှိအခြေအနေမှာ စစ်တွေမြို့ကနေ Analogue လွှင့်စက်တစ်လုံးဖြင့်လည်းကောင်း၊ 10 KW ရှိတဲ့ Analogue လွှင့်စက်တစ်လုံးဖြင့်လည်းကောင်း၊ Digital နည်းအရ DVB- T2 ကိုလွှင့်အား 3 KW ရှိသောလွှင့်စက်ဖြင့်လည်းကောင်း ထုတ်လွှင့်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလိုပဲ မြေပြင်ကွင်းဆင်း တိုင်းတာချက်များအရ မြောက်ဦးဟာ စစ်တွေမြို့မှ ၃၆ မိုင် အကွာမှာတည်ရှိပြီး လွှင့်အားသက်ရောက်ရှိမှု အားနည်းနေခြင်းကြောင့် လက်ရှိအခြေအနေမှာ Outdoor Antenna များအသုံးပြု၍လည်းကောင်း၊ Booster များသုံး၍လည်းကောင်း ဖမ်းယူကြည့်ရှုနေရပါတယ်။ ဒါ့ကြောင့်မို့လို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မြောက်ဦးမြို့မှာ DVB-T2 စနစ် 300 W စက်တစ်လုံး တည်ဆောက်နိုင်ရေးအတွက် ထည့်သွင်းတောင်းခံသွားမှာဖြစ်ကြောင်းနဲ့ ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကြက်တစ်ကောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားသော ဆေးရုံကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်ကိုယ်စား ဒေါက်တာစိုးမိုးအောင် ဘီးလင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်ရဲ့ကိုယ်စား ကျွန်တော် ဒေါက်တာစိုးမိုးအောင်၊ ဘီးလင်း မဲဆန္ဒနယ်မှ မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကြက်တစ်ကောင်ကျေးရွာမှာရှိတဲ့ ဆရာတော်ဦးဇာဂရကဦးဆောင်သည့် ဒေသခံပြည်သူတွေဟာ လှူဒါန်းငွေနဲ့ဆောက်လုပ်ထားတဲ့ ကိုယ်ထူကိုယ်ထဆေးရုံအဆောက်အဦကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ်မှာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆင့်ဖွင့်လှစ်မယ်ဆိုပြီးတော့ လျာထားပြီးပြီးဖြစ်ကြောင်း အကြောင်းပြန်ကြားစာရရှိပြီးဖြစ်ပါတယ်။ ဒါပေမယ့်လည်း အခုချိန်ထိ ဆေးရုံဖွင့်လှစ်မို့ကိစ္စကို ထူးခြားစွာ ဆက်လက်လုပ်ဆောင်ခြင်းမရှိတဲ့အတွက် ဒေသခံပြည်သူတွေက အကျိုးအကြောင်း သိလို၍ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဆက်လက်ဆောင်ရွက်မယ့်အစီအစဉ်ကိုသိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

[ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်ကိုယ်စား ဒေါက်တာစိုးမိုးအောင်၊ ဘီးလင်းမဲဆန္ဒနယ်မှ မေးမြန်း ပါသည်။]

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်ခင်ဗျား။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးမှ ဖြေကြားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် ကြက်တစ်ကောင်တိုက်နယ်ဆေးရုံသည် ပြည်သူ လူထုလှူဒါန်းငွေဖြင့် ဆောက်လုပ်ထားသော်လည်း စံနှုန်းသတ်မှတ်ချက်များနှင့် မညီသေးကြောင်း သိရှိရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကြက်တစ်ကောင် တိုက်နယ်ဆေးရုံ ဖွင့်လှစ်နိုင်ရေးအခြေအနေသိရှိနိုင်ရန်အတွက် ကျန်းမာရေးဦးစီးဌာနမှ ၂၄-၄-၂၀၁၄

ရက်စွဲပါစာအမှတ်၊ ၅/ဆလရ/၂၀၁၄(၂၃၄)ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှု၍ ပြင်ဆင်ရမည့်လုပ်ငန်းများအား ပြန်လည်တင်ပြပါရန် အကြောင်းကြား ခဲ့ပါတယ်။ အဆိုပါအကြောင်းကြားချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ၁၇-၆-၂၀၁၄ ရက်စွဲပါစာဖြင့် ကျွန်မတို့အား မြေပေါ်အခြေအနေကိုပြန်လည်တင်ပြခဲ့ပါတယ်။ အဆိုပါ တင်ပြချက်များအရ ကျွန်မတို့ ကြက်တစ်ကောင်ကျေးရွာအနေဖြင့် အဲ့ဒီမှာ ကြက်တစ်ကောင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါတယ်။ ပုံမှန်အားဖြင့်ဆိုရင်တော့ ကျွန်မတို့ ကျေးလက်ကျန်းမာရေး ဌာနခွဲကနေ ကျေးလက်ကျန်းမာရေးဌာနကို အဆင့်မြှင့်တင်ပြီးတော့ နောက်တစ်ဆင့် တိုက်နယ်ဆေးရုံ ဆောင်ရွက်ရပါတယ်။ ရွာမှာအိမ်ခြေအားဖြင့် ၁၀၀၇ အိမ်ရှိပြီးတော့ လူဦးရေအားဖြင့် ၅၅၀၀ ကျော် ရှိပါတယ်။ သို့ရာတွင် ကိုယ်ထူကိုယ်ထ ဆရာတော်ကြီး ကမကထ ဆောင်ရွက်၍ အလှူငွေဖြင့် တိုက်နယ်ဆေးရုံ ဆောက်လုပ်ထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ တိုက်နယ်ဆေးရုံဖွင့်လှစ် နိုင်ရေးအတွက် ဖွဲ့စည်းပုံတင်ပြဖို့လို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ဤကဲ့သို့ စုံစမ်း ဆောင်ရွက်သည့်လုပ်ငန်းများဆောင်ရွက်နေဆဲမှာပဲ ဖွဲ့စည်းပုံများအား စံနှုန်းများနှင့်အညီ အဆင့်မြှင့် ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ကြိုတင်ညှိနှိုင်း၍ တိုးချဲ့ဖွဲ့စည်းမှုအတွက် အစီအစဉ်များ စုစည်းပြုစုပြီးမှသာ စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ ပြည့်စုံစွာတင်ပြစိစစ်ဆောင်ရွက်သွားရန် လမ်းညွှန်ချက်ရှိလာသည့်အတွက် ထပ်မံလိုအပ်သော အချက်အလက်များရရှိနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။

**ခန္တီးလေယာဉ်ကွင်းအား သင့်တော်သည့် အတိုင်းအတာထိ တိုးချဲ့ဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခန္တီးလေယာဉ်ကွင်းကို သင့်တော်

သည့်အတိုင်းအတာအထိ တိုးချဲ့ဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခန္တီးလေယာဉ်ကွင်းကို ၁၉၅၂ ခုနှစ်မှာ စတင်ဖောက်လုပ်ခဲ့ပြီး မြစ်ကျောက်စရစ်ခင်းတဲ့ကွင်းဖြစ်ပါတယ်။ အကျယ် ၁၀၀ ပေ အလျား ၄၂၀၀ ပေဖြစ်ခဲ့ပါတယ်။ အဲဒီကွင်းကိုပဲ ၂၀၀၄-၂၀၀၅ ခုနှစ်ကနေပြီးတော့ ၂၀၀၇-၂၀၀၈ ခုနှစ်အထိ ပေ ၂၅၀၀ ထပ်မံတိုးချဲ့ဖောက်လုပ်ပေးပြီး ကတ္တရာခင်း ကွင်းအဖြစ်ဖောက်လုပ်ပေးခဲ့တဲ့အတွက်ကြောင့် ယခုအချိန်အခါမှာတော့ ရာသီမရွေး လေယာဉ်တွေ တက်ဆင်းနိုင်ပြီဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်အကြီးအကဲများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနကို ပြည်သူလူထုအနေနဲ့ များစွာကျေးဇူးတင်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဒုတိယအကြိမ် လေယာဉ်ကွင်းထပ်မံတိုးချဲ့ခြင်းရဲ့ မူလရည်မှန်းချက်က ပေ ၁၂၀၀၀ ဖြစ်ကြောင်း သိရှိရပါတယ်။ သို့ရာတွင် လေယာဉ်ကွင်းတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေတဲ့ ၂၀၀၇-၂၀၀၈ ခုနှစ်မှာပဲ ထမံသီရေအားလျှပ်စစ်စီမံကိန်း စတင်တည်ဆောက်တော့မည်ဖြစ်ပြီး ဆည်တည်ဆောက်မယ့်နေရာမှာ ကျရောက်တဲ့ကျေးရွာတွေကိုလည်း ပြောင်းရွှေ့နေရတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ခန္တီးလေယာဉ်ကွင်းကို ပေ ၁၂၀၀၀ ဆောက်လုပ်မည်ဆိုပါက ကွင်းရဲ့တစ်ဝက်ဟာ အဲဒီဆည်ရဲ့ ရေဝပ်ဧရိယာမှာ ကျရောက်မည်ဖြစ်ပြီး ရေလယ်ခေါင်မှာ ကျွန်းသဖွယ်ဖြစ်နေမှာဖြစ်တဲ့အတွက် ပေ ၆၇၀၀ နဲ့ပဲ ရပ်ဆိုင်းခဲ့ရကြောင်း သိရှိရပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ထမံသီရေအားလျှပ်စစ်စီမံကိန်းသည်လည်း ဆိုင်းငံ့ထားခြင်း၊ ခန္တီးမြို့နယ်၊ လဟယ်မြို့နယ်အပြင် ထန်ပါခွေမြို့နယ်ခွဲ၊ ဒုံဟီးမြို့နယ်ခွဲများ တိုးချဲ့လိုက်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံ့ဝန်ထမ်းများ ပိုမိုများပြားလာခြင်း၊ ခရီးသွားပြည်သူများများလာခြင်း၊ နယ်စပ်ဒေသတည်ငြိမ်နေပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီမိုကရေစီအုပ်ချုပ်ရေး၊ စျေးကွက်စီးပွားရေးစနစ်တို့ကြောင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ များပြားလာခြင်းတို့ကြောင့် ၄၂ ဦးဆံ့လေယာဉ်များနှင့် မလုံလောက်တဲ့အတွက်ကြောင့်မို့ ၇၂ ဦးဆံ့လေယာဉ်များ ပြေးဆွဲနေရပါတယ်။ အဲဒီ ၇၂ ဦးလေယာဉ်များ တက်ဆင်းတဲ့အခါမှာ ကွင်းရဲ့ အလျားတိုတဲ့အတွက်ကြောင့်မို့လို့ ရံဖန်ရံခါ အခက်အခဲကြုံတွေ့ရပါတယ်။ ၎င်းအပြင် ခန္တီးလေယာဉ်ကွင်းဟာနယ်စပ်ဒေသတွေရဲ့ လုံခြုံရေးအတွက် အင်မတန်မှ အရေးကြီးအချက်အချာကျတဲ့ ကွင်းလည်းဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ ခန္တီးလေယာဉ်ကွင်းပြေးလမ်းအား သင်တော့်သည့်အတိုင်းအတာအထိ တိုးချဲ့

ဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် ဖောက်လုပ်မည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဖောက်လုပ်မည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းရဲ့မေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်မှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့မှာရှိတဲ့ လေယာဉ်ကွင်းရဲ့ မူလပြေးလမ်းမှာ အလျား ၄၂၀၀ ပေ၊ အကျယ် ၁၀၀ ပေရှိပြီးတော့ ကျောက်ရောမြေကြီးပြေးလမ်း အမျိုးအစားဖြစ်ပါတယ်။ အဲဒီ လေယာဉ်ပြေးလမ်းကို အလျား ၁၀၀၀ ပေ၊ ကျောက်ကတ္တရာခင်းပြေးလမ်းအမျိုးအစားရရှိအောင် စီမံကိန်းရည်မှန်းချက်ထား၍ ပြေးလမ်းတိုးချဲ့ခြင်းနှင့် မူလလေယာဉ်ပြေးလမ်းကို ကျောက်ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းများကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်ကနေ စတင်ဆောင်ရွက်ခဲ့တာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ ပြေးလမ်းအလျား ၆၀၀၀ ကျော်ရရှိခဲ့ပါတယ်။ တိုးချဲ့ရန်ကျန်ရှိတဲ့ အလျား ၄၀၀၀ ပေ၊ ပြေးလမ်းတာဘောင်ပိုင်းက ထမံသီဆည် ရေဝပ်ဧရိယာမှာကျရောက်မှာဖြစ်ပြီးတော့ တည်ဆောက်ရမယ့် တာဘောင်အမြင့် ၁၈၃ ပေရှိသည့်အနက် ၁၃၃ ပေမှာ ရေအောက်မှာနစ်မြုပ်နေမည်ဖြစ်ပြီးတော့ ပြေးလမ်းတာဘောင်အတွင်းသို့ ဆည်ရေစိမ့်ဝင်မှုဖိအားက ရေနဲ့ထိစပ်တဲ့ဧရိယာတိုင်းမှာ ရေစိမ့်ဝင်မှုတူညီခြင်းမရှိတဲ့အတွက် Slip Cycle အတွင်းမှာရောက်ရှိကာ ပြေးလမ်းတာဘောင်ပြိုကျနိုင်တဲ့အတွက် ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းကို အဲဒီအချိန်မှာ ရပ်ဆိုင်းခဲ့ ရပါတယ်။ ကျွန်တော်တို့ လက်ရှိ ခန္တီးလေယာဉ်ပြေးလမ်း အလျား ၆၀၀၀ ပေ၊ အကျယ် ၁၀၀ ပေဟာ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (International Civil Aviation Organization) က သတ်မှတ်ထားတဲ့ စံနှုန်းအရ ပြည်တွင်းလေကြောင်းလိုင်းများမှာ အသုံးပြုလျက်ရှိတဲ့ လေယာဉ်အမျိုးအစားတွေဖြစ်တဲ့ ATR 72, ATR 42 လေယာဉ်တွေ ဆင်းတက်အသုံးပြုရန်လုံလောက်မှုရှိပါတယ်။

**မူကြမ်း**

ခန္တီးလေဆိပ်ရဲ့ တစ်နှစ်ခရီးသည်အဝင်/အထွက် အသုံးပြုမှုဟာ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်မှာ ၁၁၉၇၂ ဦးသာ ရှိပါတယ်။ ခရီးသည်ပမာဏနဲ့ အသုံးပြုတဲ့ လေယာဉ်အမျိုးအစားလုံလောက်မှု ရှိပါသဖြင့် လေယာဉ်ပြေးလမ်းထပ်မံတိုးချဲ့ရန် လိုအပ်မှုမရှိသေးကြောင်း တွေ့ရှိရပါတယ်။ အဲဒါအပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာလည်း ခန္တီးလေယာဉ်ပြေးလမ်းတိုးချဲ့တည် ဆောက်ရန် ရန်ပုံငွေခွင့်ပြုထားခြင်း၊ တောင်းခံထားခြင်းမရှိပါဘူး။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့ရှိ လေယာဉ်ကွင်းအား သင့်တော်သည့်အတိုင်းအတာအထိ တိုးချဲ့ဖောက်လုပ်ရန်အစီအစဉ်ရှိ/မရှိနှင့် ဖောက်လုပ်မည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် စတင်ဖောက်လုပ်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့် ပတ်သက်ပြီးတော့ ခန္တီးလေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းရဲ့လုပ်ငန်းကို ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဘီးလင်းမြစ်ကြောင်းအား စနစ်တကျထိန်းသိမ်းရန် မည်ကဲ့သို့စီမံထားသည်နှင့် ပြန်လည်တူးဖော်ရန် သက်ဆိုင်ရာမှ မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးမိုးအောင်၊ ဘီးလင်းမဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဘီးလင်းမြို့နယ်အတွင်းမှာရှိတဲ့ ဘီးလင်းမြစ်နှင့်ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဘီးလင်းမြို့နယ်အတွင်းမှာ ဖြတ်သန်းစီးဆင်းနေတဲ့ ဘီးလင်းမြစ်ဟာ မြို့နေပြည်သူလူထု၊ ကမ်းပါးတစ်လျှောက်မှာရှိတဲ့ ကျေးရွာပြည်သူလူထုအတွက် အသုံးချတဲ့ ရေချိုမြစ်ဖြစ်ပါတယ်။ ဘီးလင်းမြစ်ဟာ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်ကို ဆက်စပ်ထားတဲ့ မြစ်ဖြစ်ပြီး မြစ်ကြောင်းအရှည် အလျားဟာဆိုလို့ရှိရင် ဘီးလင်းမြို့နယ်အတွင်းမှာ မိုင် ၃၀ ခန့်ရှိပါတယ်။ အခုအခါမှာ ဘီးလင်းမြို့နယ်အတွင်းမှာ ဖြတ်သန်းစီးဆင်းနေတဲ့ ဘီးလင်းမြစ်ဟာ သဘာဝအရ သဲသောင်တွေထွန်းလာတာတွေရယ်၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းတွေကနေ စွန့်ပစ်လိုက်တဲ့ မြေကြီးတွေ မြစ်အတွင်းသွန်ချတာတွေရယ်၊ မြစ်ကြောင်းက တိမ်ကောလာပြီးတော့ ရေစီးရေလာလည်း မကောင်းတော့ဘဲနဲ့ နှစ်စဉ် ဘီးလင်းမြို့နယ်အတွင်းမှာ ဘီးလင်းမြစ်ရဲ့ ရေကြီးရေလျှံခြင်းကို နှစ်စဉ်ကြုံတွေ့နေရပါတယ်။ ဘီးလင်းမြစ်ရဲ့ ရေကြီးရေလျှံခြင်းကြောင့် ဘီးလင်းမြို့နယ်အတွင်းမှာ စိုက်ပျိုးသီးနှံတွေ ပျက်စီးဆုံးရှုံးလာတယ်။ နောက်ပြီးတော့ ရေနည်းတဲ့အချိန်မှာလည်း ရေသန့်တွေမရှိတော့

ဘဲနဲ့ ရေတွေကနောက်ကျိုလာတဲ့အတွက် မြစ်ကမ်းပါးတစ်လျှောက်မှာ မှီခိုနေကြတဲ့ ကျေးရွာပြည်သူ လူထုရဲ့ သောက်သုံးရေပြဿနာတွေ၊ မွေးမြူထားတဲ့ တိရစ္ဆာန်တွေရဲ့သောက်သုံးရေပြဿနာတွေဟာ အများကြီးဖြစ်လာတဲ့အတွက် ကျွန်တော့်အနေနဲ့ ပြည်သူလူထုရဲ့ကိုယ်စား ဘီးလင်းမြို့နယ် အတွင်းမှာ ဖြတ်သန်းစီးဆင်းနေတဲ့ ဘီးလင်းမြစ်ကို သက်ဆိုင်ရာအဖွဲ့အစည်းတွေက မည်ကဲ့သို့ စီမံထိန်းသိမ်းဖို့ ဆောင်ရွက်ထားတယ်ဆိုတာရယ်၊ ဘီးလင်းမြစ်ကြောင်း ပြန်လည်တူးဖော်ဖို့အတွက် ဆောင်ရွက်ထားတဲ့ အခြေအနေကိုသိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင်ရဲ့ မေးခွန်းကို ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်အတွင်းမှာ ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ ဘီးလင်းမြစ်ဟာ ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်မြို့က စတင်မြစ်ဖျားခံစီးဆင်းပြီးတော့ မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှာ ဇုက္ကလိကျေးရွာအောက်မှာ မုတ္တမပင်လယ်ကွေ့ကို စီးဝင်တဲ့မြစ်ဖြစ်ပါတယ်။ မွန်ပြည်နယ်မှာ ဘီးလင်းမြစ်အလျား မိုင် ၃၀ ရှိပါတယ်။ ဘီးလင်းမြို့အနီးမှာ ဘီးလင်းမြစ်က မိုးရာသီ၊ မိုးများသည်းထန်စွာရွာပြီးတော့ ရေထရက်နှင့်တွေ့ကြုံတဲ့အချိန်အခါမှာ ဘီးလင်းမြစ်ရေဟာ လျင်မြန်စွာတက်ပြီးတော့ မြစ်ရေကြီးမှုများ နှစ်စဉ်ကြုံတွေ့ခဲ့ရပါတယ်။ ဒီမြစ်ရေကြီးတဲ့အချိန်မှာ ရန်ကုန်-မော်လမြိုင် မော်တော်ကားလမ်းက နှစ်စဉ်ရက်သတ္တပတ်ခန့် နစ်မြုပ်မှုများလည်း ရှိခဲ့ပါတယ်။

ဘီးလင်းမြစ်က တဖြည်းဖြည်း တိမ်ကောလာတဲ့အတွက် မိုးရာသီရေများချိန်မှာ ကမ်းပြိုမှုများ ဖြစ်ပေါ်ခြင်းနှင့် မြစ်ရေကြီးခြင်းများ နှစ်စဉ်ကြုံတွေ့နေရပါတယ်။ အဲဒီမြစ်ရေကြီးမှုဖြစ်ပေါ်တဲ့ အချိန်မှာ ရန်ကုန်-မော်လမြိုင် ရထားလမ်းက တာသဖွယ်တည်ရှိနေတဲ့အတွက် မိုးများအဆက်မပြတ် ရွာသွန်းတဲ့အချိန်မှာ မိုးရေများ ဘီးလင်းမြစ်အတွင်း အလွယ်တကူ စီးဆင်းနိုင်မှုမရှိဘဲနဲ့ ရန်ကုန်-မော်လမြိုင်ကားလမ်း အချို့နေရာများမှာ နှစ်စဉ်ရေမြုပ်ပါတယ်။ ဘီးလင်းမြစ်က ဘီးလင်းမြို့၊

ဘီးလင်းတံတားအထက်ပိုင်းမှာ မြစ်ကွေ့ကောက်မှုနည်းပါးသော်လည်းပဲ ဘီးလင်းတံတားအောက်ပိုင်းမှာ မြစ်ကွေ့ကောက်မှုများပြီးတော့ မြစ်ဖျားပိုင်းမှာ သတ္တုတူးဖော်မှုများဆောင်ရွက်တဲ့အတွက်ကြောင့် သဲနုန်းများပို့ချပြီး ဘီးလင်းမြစ်တိမ်ကောလာရပါတယ်။ ရေဝေရေလဲဧရိယာအတွင်းမှာ သစ်တောများ ပြုန်းတီးလာမှုကြောင့်လည်း မိုးရေကို ထိန်းသိမ်းနိုင်မှုအားနည်းလာပါတယ်။ ဘီးလင်းမြို့ရဲ့ စိုးရိမ်ရေအမှတ်ကလည်း ၁၀၂၂ စင်တီမီတာဖြစ်ပေမယ့် ယခင်နှစ်တွေရဲ့ မှတ်တမ်း အရ ၁၀၂၂ စင်တီမီတာ ရေအမှတ်က ကားလမ်းစတင်ရေကျော်တဲ့ ရေအမှတ်ဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။

ဘီးလင်းမြစ်ကြောင်း တိမ်ကောလာတဲ့အတွက်ကြောင့်မို့လို့ မြစ်ကြောင်းကို အဓိကထား လုပ်ကိုင်စားသောက်နေကြရတဲ့ ပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစတဲ့ ကိစ္စရပ်တွေမှာ များစွာပျက်စီးမှုများ ဖြစ်ပေါ်နေရတဲ့အတွက်ကြောင့်မို့လို့ ဘီးလင်းမြစ်ကြောင်းကိုလည်း စနစ်တကျ ထိန်းသိမ်းရန် လိုအပ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေနဲ့ကတော့ ၂၀၁၂ ခုနှစ် ဘီးလင်းမြစ်ရေကြောင်းတိုင်းတာရေးလုပ်ငန်း တွေကို ဘီးလင်းမြို့ အထက်နတ်ကြီးကျေးရွာက ဘီးလင်းအောက်ဒုံဝန်းအထိ ဆောင်ရွက်ခဲ့ပါတယ်။ နောက် ကျန်တဲ့နှစ်တွေမှာတော့ ကျွန်တော်တို့သည် ဘဏ္ဍာငွေမှာ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် အတွက်ပဲ ဆောင်ရွက်တဲ့အတွက်ကြောင့်မို့လို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့တော့ ရန်ပုံငွေတောင်းခံခဲ့ခြင်းမရှိပါဘူး။

သို့သော် မွန်ပြည်နယ်အစိုးရအနေနဲ့ကတော့ ဒီဘီးလင်းမြစ်ကို စနစ်တကျထိန်းသိမ်းဖို့အတွက် ဘီးလင်းမြစ်ကြောင်းတိုင်းတာခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ နတ်ကြီးကျေးရွာ၊ ဒုံးဝန်းကျေးရွာ အထိ သောင်တူးဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒုံးဝန်းကနေ ဇုက္ကလိကျေးရွာအောက်အထိ တိုင်းတာ၊ အချက်အလက်စုဆောင်းသွားမှာလည်းဖြစ်ပါတယ်။ မွန်ပြည်နယ် ဆည်မြောင်းဦးစီးဌာန ကလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဧပြီနှင့်မေလတွေမှာ ရဲစခန်းပဲရိုး ရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ လာမယ့်ပွင့်လင်းရာသီများမှာလည်း ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မရမ်းကုန်းရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်း၊ သိမ်ငူရေနုတ်မြောင်းတူးဖော်ခြင်းနှင့် မုသင်-လိပ်ခုံး ဖြတ်ရိုးရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။

**မူကြမ်း**

ဘီးလင်းမြစ် ရေစီးရေလာကောင်းမွန်ရေးအတွက်ကိုလည်း မြစ်အတွင်းစီးဝင်တဲ့ ဆက်စပ်ချောင်းတွေ ရေအလျင်အမြန်ထုတ်နိုင်ရန်အတွက် ရေနုတ်မြောင်းတူးဖော်ပေးရန် တိုင်းတာတွက်ချက်ခဲ့ပြီးတော့ မခွေးရေကျော်ရေနုတ်မြောင်း၊ ကဖိုင်းကြီးရေနုတ်မြောင်း၊ မုသင်ရေနုတ်မြောင်း၊ ခန်းမ-အုတ်ဖိုရေနုတ်မြောင်းတူးဖော်ခြင်းနှင့် တောင်ကလေး ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရကို ပြည်နယ်အစိုးရနေ ရန်ပုံငွေတင်ပြတောင်းခံထားတာရှိပါတယ်။ ရန်ပုံငွေရရှိရင်လည်း ပြည်နယ်အစိုးရက ဒါတွေလည်း ဆက်လက်ဆောင်ရွက်သွားပါမယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့တော့ လိုအပ်တဲ့နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးမြန်းမှုနှင့် ဖြေကြားမှုအပေါ် ကျွန်တော်တို့ နားထောင်ကြည့်တဲ့အခါမှာ ပို့ဆောင်ရေးဝန်ကြီးဌာနကတော့ မြစ်ကြောင်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ဖို့တာဝန်ရှိတယ်။ လုပ်ဆောင်သင့်တယ်။ ဒါပေမယ့် ဆက်စပ်ပြီး ကြားလိုက်တဲ့ကိစ္စက သဘာဝဝန်းကျင်ထိန်းသိမ်းမှုကျန်းမာရေး၊ စိုက်ပျိုးရေးဝန်ကြီးဌာနများနှင့်လည်း သက်ဆိုင်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ဖို့လည်းလိုမယ်လို့ထင်ပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ပို့ဆောင်ရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တစ်ခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်တဲ့ ကော်မတီများအနေနဲ့လည်း ဘီးလင်းမြစ်ရေကြောင်းကောင်းလာရေးအတွက် ဆောင်ရွက်သလို တစ်ဖက်ကလည်း သဘာဝဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကိစ္စများပါ အလေးထားပြီးတော့ ညှိနှိုင်းဆောင်ရွက်သွားနိုင်ဖို့ သက်ဆိုင်ရာကော်မတီများကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးဖို့လိုကြောင်း တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**မူကြမ်း**

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်ကတင်သွင်းသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်း ထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်ကတင်သွင်းသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ဖြစ်သော ၃-၆-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၉-၆-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်

သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနှင့် သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းတို့က သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က လိုအပ်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် (၄)ချက်အား ဥပဒေကြမ်းကော်မတီကတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကိုယ်စား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ ကော်မတီမှပြင်ဆင်ထားသည့်အပိုဒ်များအပေါ် လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ အကြံပြုချက်များကိုရယူ၍ ၁၈-၆-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကပြင်ဆင်ရန် တင်ပြချက်ဇယားကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဤဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်များဖြစ်သော ဥပဒေခေါင်းစီး၊ အပိုဒ် ၁၊ အပိုဒ် ၂ နှင့် အပိုဒ် ၃ တို့အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား ပြည်ထောင်စုဝန်ကြီးဌာနကသဘောတူပါသလား။

**မူကြမ်း**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ပြည်ထောင်စုဝန်ကြီးဌာနကလည်း သဘောတူပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်များ အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်း၊ သံတွဲမဲဆန္ဒနယ်က ရှင်းလင်းဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ မူလဥပဒေရဲ့ ပုဒ်မ ၇၀ ကို ပုဒ်မ ၇၀ ပုဒ်မခွဲ(က)၊(ခ)၊(ဂ)အဖြစ် ခွဲထုတ်ပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ဖို့အတွက် အစားထိုးပြီး တင်ပြခဲ့ပါတယ်။ တင်ပြခဲ့လို့၊ အဆိုပြုခဲ့လို့ အခု ပြည်သူ့လွှတ်တော်ကပဲ အတည်ပြုပြီးဖြစ်သွားပါပြီ။ ဒီတော့ ပုဒ်မ ၇၀ ပုဒ်မခွဲ(က)မှာ ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်အဖြစ်လည်းကောင်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို ဒုတိယဝန်ကြီးအဆင့်အဖြစ် လည်းကောင်း သတ်မှတ်ရမည်။ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(က)နှင့်အညီ သတ်မှတ်သော အဆင့်အတန်းနှင့်လျော်ညီသည့် ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်။ ဒီလိုပြဋ္ဌာန်းခဲ့ပါတယ်။ ဒီလိုပြဋ္ဌာန်းခဲ့တဲ့အခါမှာ ပုဒ်မ ၇၀ ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များရဲ့အဆင့်အတန်း၊ ချီးမြှင့်ငွေစရိတ်နှင့် စရိတ်များကို ဥပဒေက သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက်ကြောင့် နဂိုမူလဥပဒေ ပုဒ်မ ၁၄ မှာပါရှိတဲ့ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဆိုတဲ့ စကားရပ်ဟာ ရှေ့နောက်မညီညွတ်ဖြစ်နေတော့ ဒီစကားရပ်ကို ပုဒ်မ ၁၄ မှာပယ်ဖျက်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်ရမှာဖြစ်ပါတယ်။ ပုဒ်မ ၁၄ နိုင်ငံတော်သမ္မတသည် ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းများ ပြုနိုင်သည်ဟု ပြည်သူ့လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခုရှင်းလင်းတဲ့ ဒီရှင်းလင်းချက် တင်ပြတယ်။ ဦးရဲထွန်းပြောတာက မူလဥပဒေကိုရည်ညွှန်းပြီးတော့ ဒီဟာမလိုဘူး။ ဒါကြောင့်မို့လို့ မူလအတိုင်းထားပါလို့ပြောတယ်။

**မူကြမ်း**

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ မူလဥပဒေမှာက မူလဥပဒေပုဒ်မ ၁၄ နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်ပါတယ်လို့ ပြဋ္ဌာန်းထားခဲ့ပါတယ်။ အခု ဥပဒေအရ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို ပုဒ်မ ၇၀ ပုဒ်မခွဲ(က)၊(ခ)နှင့် ဝန်ကြီးအဆင့်၊ ဒုတိယဝန်ကြီးအဆင့် သတ်မှတ်ပြီးတဲ့အတွက်ကြောင့် နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်တွေကို သူ့အနေနဲ့ သတ်မှတ်ပေးစရာမလိုတော့ပါဘူး။ ဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များဆိုတဲ့ စကားရပ်ကို ပယ်ဖျက်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဆိုတဲ့စကားရပ်ကို ပယ်ဖျက်ပြီး ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတသည် ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်လို့ အစားထိုးအဆိုပြုတင်ပြပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောပေါက်ပါပြီ။ သို့ရာတွင် ကိုယ်စားလှယ်တွေလက်ထဲမှာ ခုနက မူလပုဒ်မ ၁၄ မရှိဘူးဆိုရင် ရှင်းအောင်ထပ်မေးခြင်းဖြစ်ပါတယ်။ ထပ်ပြီးမေးဖို့လိုတာက စာမျက်နှာ ၂ ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်တင်ပြချက် ပုဒ်မ ၄ ပေါ့လေ။ ဒီမှာတော့ အမှတ်စဉ် (၄)။ ဒီဟာ ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်တင်ပြချက်ဆိုတာ ပြည်သူ့လွှတ်တော်အနေနဲ့ ပြင်ဆင်တင်ပြထားတာလား။ ဒါမှမဟုတ်ရင် ဥပဒေကြမ်းကော်မတီကပြင်ဆင်တင်ပြတာလား။ သို့မဟုတ်လို့ရှိရင် မူလအဆိုပြုတဲ့ပုဂ္ဂိုလ်ကပြင်ဆင်တင်ပြတာလား။ ဒါကို ရှင်းအောင်ပြောပြပေးဖို့လိုမယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအမှတ်စဉ်(၄)က ကျွန်တော်တို့ မူလဥပဒေထဲမှာပါတာပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက အမှတ်စဉ်(၅)ကို အတည်ပြုလိုက်တဲ့အခါမှာ ခုနက ဦးရဲထွန်း ပြောတဲ့အတိုင်းပဲ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်တွေကို သီးခြားဥပဒေနဲ့ သတ်မှတ်ပြဋ္ဌာန်းလိုက်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဟာ အခုအတည်ပြုပြီးတဲ့ ပုဒ်မ ၅ မှာ လည်းပဲ ပါနေတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီပုဒ်မ ၅ မှာ အတည်ပြုလိုက်တဲ့အတွက် မူလပြင်ဆင်ချက်ထဲမှာ မပါသော်လည်းပဲ မူလဥပဒေရဲ့ ပုဒ်မ ၁၄ ကိုပြန်လည်ပြီးတော့မှ ပြင်ရမှာဖြစ်ပါတယ်။ အခုနက ပုဒ်မ ၁၄ မှာ နိုင်ငံတော် သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲ ခြင်းပြုနိုင်သည်လို့ မူလဥပဒေမှာပါထားပါတယ်။ ဒါကြောင့်မို့လို့ အတည်ပြုခဲ့တဲ့ ပုဒ်မ ၇၀ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)အရ ညီညွတ်ဖို့အတွက် ပုဒ်မ ၁၄ မှာပါတဲ့ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များဆိုတဲ့ စကားလုံးကို ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ ပယ်ဖျက်လိုက်တဲ့အတွက် နိုင်ငံတော်သမ္မတသည် ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်လို့ ဦးရဲထွန်းက ပြင်ဆင်ချက်အဆို တင်သွင်းလာခဲ့ခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အခုပြောတာလည်းရှင်းတယ်။ မေးတာက စာမျက်နှာ ၂ ကန့်လန့်ဖြတ်ဇယားမှာ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ရန်တင်ပြချက်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ၄ အဂတိလိုက်စားမှုစသဖြင့် ဒီလိုရေးထားတာက ပြည်သူ့လွှတ်တော်က ဘယ်လိုပုံစံနဲ့ပြင်ဆင်တင်ပြထားသလဲ။ ဒီဟာကို ပြည်သူ့ လွှတ်တော်က ခေါင်းစဉ်အရဆိုရင် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ရန်တင်ပြချက်လို့ ဒီလိုပြောထား ပါတယ်။ အဲ့ဒါကိုရှင်းပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဦးရဲထွန်းရဲ့ တင်ပြချက်ကို ပြည်သူ့ လွှတ်တော်မှာ ပြန်လည်ပြင်ဆင်ဖို့အတွက် တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးရဲထွန်းရဲ့ တင်ပြချက်ကဘာလဲ။ အားလုံးကိုတော့ ရှင်းတယ်။ ဒါပေမယ့် အခုနက ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ရန်တင်ပြချက်ဆိုတာ ပြည်သူ့လွှတ်တော်ဆိုတာ မိမိတို့အားလုံး ပါလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဟုတ်ကဲ့။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ကျွန်တော်တို့ ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော် ကိုယ်စား တင်ပြရန်ဖြစ်တဲ့အတွက် ကျွန်တော်တို့က စာတိုင်မှာ အဲ့လိုရေးထားခြင်းဖြစ်ပါတယ်ခင်ဗျ။ တကယ်တော့ အတည်ပြုပြီးမှ ဒီဟာကတင်ပြချက်ဆိုတာ ဖျက်ရမှာဖြစ်ပါတယ်။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ရန်တင်ပြချက်ဆိုတာမဟုတ်သေးဘူး။ ဒီထဲထည့်ထားတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ရန်တင်ပြချက်ဆိုတဲ့ ခေါင်းစဉ်အောက်က ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ရန်တင်ပြချက်ထဲမှာ မဖြစ်ပေါ်သေးတဲ့ အဂတိလိုက်စားမှုဆိုတာ ဖျက်လိုက်ပါ။ ဒါကြောင့်မို့လို့ ဦးရဲထွန်းကသာ မူလပုဒ်မ ၁၄ အား ပြင်ဆင်သည်ဆိုတဲ့အတွက် ဦးရဲထွန်း ပြန်တင်ပြပါ။ မူလပုဒ်မ ၁၄ အားပြင်ဆင်သည်။ မူလဥပဒေကြမ်းစာရွက်ပါလား။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ ပါပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပါတယ်။ အဲ့တော့ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေမှာ မပါဘူးဆိုရင် မူလတင်ပြထားတဲ့ဥပဒေကြမ်း စာမျက်နှာ ၇ အပိုဒ် ၁၄ ပေါ့လေ။ ပုဒ်မ သို့မဟုတ် အပိုဒ် ၁၄။ ဒီမှာဘာရေးထားသလဲဆိုတော့ နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်လို့။ ဒါ မူလဥပဒေကြမ်းထဲမှာ သူဖော်ပြထားပါတယ်။ အဲ့ဒီတော့ ဦးရဲထွန်းက အဲ့ဒီအတိုင်းထည့်ဖို့ အဆိုတင်ပြတာဟုတ်လား။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ ပုဒ်မ ၁၄ မှာရှိတဲ့ ကော်မရှင်အဖွဲ့၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဆိုတဲ့စကားရပ်ကို ပယ်ဖျက်ပြီးတော့။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ ပယ်ဖျက်ဖို့အတွက် အဆိုတင်ပြတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲ ဒါကြောင့်မို့လို့ နောက်မှာမပါဘူးဆိုရင် အဲ့ဒီအတိုင်းပဲ ဦးရဲထွန်း တင်ပြချက်ကိုပဲ အခုနက ဒီထဲမှာဖော်ပြဖို့လိုမယ်။ မူလတုန်းကတော့ အခုနက မူလဆိုတဲ့နေရာမှာ စာမျက်နှာ ၇ အပိုဒ် ၁၄ မှာ ဒီလိုရေးထားတယ်။ အဲလို့ရေးထားတာကို ဦးရဲထွန်းက အခုနက ဘာကိုပြင်ဆင်တယ်ဆိုတာ ဒီထဲမှာ ထည့်ရပါမယ်။ အဲ့ဒီမှာ လွှတ်တော်ကိုမေးမယ်။ သက်ဆိုင်ရာ တာဝန်ရှိသူကိုမေးမယ်။ ဒါကို သဘောတူတယ်ဆိုရင် ဒါကိုအတည်ဖြစ်တယ်။ မရှင်းမှာစိုးလို့ သာမန်အားဖြင့် ကျွန်တော်တို့ ဒီလိုဆွေးနွေးတဲ့အခါမှာ တစ်ခါတစ်ခါလည်း မူလဥပဒေကြမ်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေမှာမပါလာဘူး။ ကျွန်တော့်စားပွဲပေါ်မှာလည်းမရှိဘူး။ မရှိတဲ့အတွက် နောင်ကျွန်တော်တို့ ဥပဒေဆွေးနွေးမယ်ဆိုလို့ရှိရင် သက်ဆိုင်တဲ့ မူလဥပဒေကြမ်းတွေပါ ယူခဲ့ဖို့ဖြစ်ပါတယ်။

အဲ့လိုမှမဟုတ်ဘူးဆိုလို့ရှိရင် အဓိပ္ပာယ်တွေ မှားယွင်းသွားနိုင်ပါတယ်။ ဦးရဲထွန်းပြန်ပြီးတော့ ရှင်းလင်းတင်ပြပါ။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်မှာ ပုဒ်မ ၇၀ ပုဒ်မခွဲ(က) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်အဖြစ်လည်းကောင်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို ဒုတိယဝန်ကြီး အဆင့်အဖြစ်လည်းကောင်း သတ်မှတ်ရမည်။ ပုဒ်မခွဲ(ခ) ပုဒ်မခွဲ(က)နှင့်အညီ သတ်မှတ်သောအဆင့်အတန်းနှင့်လျော်ညီသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်လို့ ပြင်ဆင်ဖို့အတွက် အဆိုပြုတင်ပြထားပါတယ်။ ဒီတော့ နဂိုမူလဥပဒေ ပုဒ်မ ၁၄ မှာ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်လို့ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီလိုပြဋ္ဌာန်းခဲ့တဲ့အခါမှာ အခု ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်အဆိုပြုတင်ပြချက်မှာ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တွေရဲ့ အဆင့်၊ ချီးမြှင့်ငွေ၊ စရိတ်နဲ့အဆောင်အယောင်ကို ဥပဒေကြောင်းအရ အခုပဲ ပြည်သူ့လွှတ်တော်က သတ်မှတ်အတည်ပြု ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီတော့ ဥပဒေအရ အတည်ပြုပြဋ္ဌာန်းထားခဲ့သော နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နှင့်ခံစားခွင့်များကို သတ်မှတ်ပေးခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်ဆိုတဲ့ စကားရပ်ဟာ ရှေ့နောက်မညီညွတ်ဖြစ်နေပါတယ်။ ဒါနဲ့ကြောင့် နဂိုမူလဥပဒေပုဒ်မ ၁၄ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်ခံစားချက်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်မည်ဆိုသည့်အစား ကော်မရှင်အဖွဲ့ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များကို ပယ်ဖျက်ပြီးတော့ ပုဒ်မ ၁၄ နိုင်ငံတော်သမ္မတသည် ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်လို့ အစားထိုး ပြင်ဆင်ချက်အဖြစ် အဆိုပြုအတည်ပြုတင်ပြပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် အခုလိုရှင်းလင်းတင်ပြတဲ့နေရာမှာ စာမျက်နှာ ၇။ ပုဒ်မ ၁၄ မှာ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များဆိုပြီး ရေးထားပါတယ်။ ဒါကြောင့်မို့လို့

ဥပဒေအရ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များဆိုတာ ဥပဒေအရသတ်မှတ်ပြီး ဖြစ်တဲ့အတွက် အပိုဒ် ၁၄ မှာ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များဆိုတဲ့ဟာကို ပယ်ဖျက်ပေးဖို့ ဖြစ်ပါတယ်။ မှန်ပါသလား။ ဒါကြောင့် ဒါနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ကန့်ကွက်ရန်ရှိပါသလား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန် မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဦးရဲထွန်းရဲ့ ပြင်ဆင်ချက်အဆိုဖြစ်သော ကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို နှုတ်ပယ်ပြီး အတည်ဖြစ်ဖို့အတွက် လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးရဲထွန်း၊ သံတွဲမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်အရ ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်ကတင်သွင်းသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနဲ့ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းက ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်က တင်သွင်းသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၃-၆-၂၀၁၄ (တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]